# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၅၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၇-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၄၂၂ ဦးအနက် ၃၆၁ ဦး တက်ရောက်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူစုစုပေါင်း ၆၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၄၁ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားကြပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၄) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၅) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၂ ရက်၊

(၆) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၈) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၁ ရက်၊

(၉) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၁၀) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၁၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၂) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၄ ရက်၊

(၁၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၁၄) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၄ ရက်၊

(၁၅) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၁၆) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၁၇) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၁၈) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၁၉) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်နှင့်

(၂၀) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၁ ဦး ယနေ့ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ

မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကဝမြို့နယ်တွင် အားကစားရုံတစ်ခုနှင့် အားကစားကွင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမှာကတော့ ကဝမြို့နယ်မှာ အားကစားရုံတည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်သည် မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ပြီး အားကစားအရာရှိများလည်းရှိပါတယ်။ အားကစားနဲ့ပတ်သက်သည့် ကြက်တောင်၊ ဘောလုံး၊ လက်ဝှေ့၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အစရှိသဖြင့် အားကစားများကို တစ်နှစ်လျှင် ၁၂ လရှိသည့်အနက် နွေကာလ လေးလခန့်ဖြစ်သော ဇန်နဝါရီမှ ဧပြီလကုန်အထိသာ လယ်ကွင်းများတွင် ကစားရပါသည်။ ကျန်ရှစ်လခန့်က မိုးများပြီး မြေမာမရှိသဖြင့် ကစား၍မရပါ။ သို့ပါ၍ ကဝမြို့နယ်အတွင်းရှိ လူဦးရေ ၂၀၀၀၀၀ ကျော်ရှိပြီး အားကစားရုံတည်ဆောက်ရန်မြေကြီးလည်း ၃.၉၁ ဧကရှိပါသဖြင့် အားကစားရုံတစ်ရုံနှင့် အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးပါရန်၊ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဖြေကြားချက်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများအသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရန် စီစဉ်သတ်မှတ်ထားပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၏ ၂၅-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊(၃၈၈/ အခ ၁၂ ပခတ/၂၀၁၃)ဖြင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များအလိုက် အားကစားကွင်း၊ အားကစားရုံတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လိုပါက လိုအပ်သောတွက်ချက်မှုပုံစံများနှင့်အတူ သတ်မှတ်ဘဏ္ဍာရေးနှစ်အမီ တင်ပြသွားရန် ညွှန်ကြားထားပြီးဖြစ်၍ ကဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ကဝမြို့နယ်တွင် အားကစားရုံတစ်ရုံနှင့် အားကစားကွင်း တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ သင့်တော်သောအဆင့်ရှိမိုးလုံလေလုံအားကစားရုံ၊ တွက်ချက်မှုပုံစံ၊ (BQ) Size Plan များနှင့် ပြည့်စုံစွာတင်ပြလာပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ပုံငွေစာရင်းတွင်ထည့်သွင်းရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်ယမားနှင့် မြောက်ယမားချောင်းမှ ဒေသခံများ နှစ်ရှည်ရာသီသီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရန်အတွက် ယမားချောင်းများမှ တူးမြောင်းဖောက်လုပ်ပြီး ရေလှောင်ကန်နှင့် ဆည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မေးခွန်း**

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ဒီနေ့ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ဆားလင်းကြီးမြို့နယ်အတွင်းမှာရှိတဲ့ တောင်ယမားချောင်းနှင့် မြောက်ယမားချောင်းက ဒေသခံတွေ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးနဲ့ လူမှုဘဝမြင့်မားရေးအတွက် နှစ်ရှည်ရာသီသီးနှံစီးပွားဖြစ် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိရေး၊ ယမားချောင်းတွေကနေပြီးတော့ တူးမြောင်းဖောက်လုပ်ပြီးတော့ ရေလှောင်ကန်ဆည်တွေ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိမေးခွန်းနဲ့ပတ်သက်လို့ တင်ပြသွားမှာဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ်ဟာ တောင်ယမားချောင်းနဲ့ မြောက်ယမားချောင်း နှစ်ခုခြားမှာတည်ရှိတဲ့အတွက် ၁၆၈၃၃၁ ဧက ကျယ်ဝန်းတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ တောင်ယမားချောင်းနဲ့ မြောက်ယမားချောင်းဟာ ဆားလင်းကြီးမြို့နယ်အတွင်းမှာ အနောက်ကနေ အရှေ့၊ အမြင့်ကနေ အနိမ့်အတိုင်းရေစီးဆင်းပြီးတော့ သက်ကိုင်းကျေးရွာ၊ ကံကောင်းကျေးရွာ၊ လက်ပန်းတောင်းကျေးရွာအုပ်စုအနီးမှ ချင်းတွင်းမြစ်အတွင်းသို့စီးဆင်းတဲ့ ယမားချောင်းနှစ်ချောင်းဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသအတွင်းမှာရှိပြီးတော့ မြောက်ဘက်မှာ ယင်းမာပင်မြို့နယ်၊ တောင်ဘက်မှာ ရေစကြိုမြို့နယ်နဲ့ မြိုင်မြို့နယ်၊ အနောက်ဘက်မှာ ပုလဲမြို့နယ်၊ အရှေ့ဘက်မှာ မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ် တစ်ဆက်တစ်စပ်တည်းတည်ရှိပြီးတော့ နှစ်စဉ်ပျမ်းမျှအပူချိန် ၄၂ ဒီဂရီဖာရင်ဟိုက်ကနေ ၁၀၀ ဒီဂရီဖာရင်ဟိုက်ကြားမှာ တစ်နှစ်လျှင် မိုးရွာရက်က ၃၅ ရက်က ၄၅ ရက်အတွင်း နှစ်စဉ်မိုးရေချိန် ၁၀ လက်မကနေ လက်မ ၃၀ ပတ်ဝန်းကျင်သာရွာပြီးတော့ အပူပိုင်းရေရှားပါးတဲ့ဒေသဖြစ်သဖြင့် ရွှေကိုမလို ရေကိုသာလိုတယ်ဆိုတဲ့ဒေသအဖြစ် အပြောများတဲ့ဒေသဖြစ်ပါတယ်။ ဆားလင်းကြီးမြို့နယ်ဟာ အနောက်ကျေးရွာအုပ်စုဘက်မှာဆိုလို့ရှိရင် တစ်နယ်မြေတွေဖြစ်တဲ့အတွက် မိုးရွာသွန်းမှုအပေါ်မူတည်ပြီး ပြောင်း၊ ဂျုံ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ဆေးရွက်ကြီး၊ ငရုတ်၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ကြက်သွန်စတဲ့ ရာသီသီးနှံစိုက်ပျိုးဖြစ်ထွန်းတဲ့အပြင် စိုက်ပျိုးရေသာရရှိရင် စပါးပါစိုက်ပျိုးနိုင်တဲ့အတွက် နှစ်ရှည်သီးနှံပင်အဖြစ် ထန်း၊ ဇီး၊ သရက်၊ ရှားအပင်များဖြစ်ထွန်းတဲ့ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ကျေးရွာ ၁၅၂ ရွာရှိတဲ့ဒေသဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံးမိုးရေချိန် နည်းပါးပြီးတော့ ရေရှားပါးတဲ့အရပ်ဒေသဖြစ်တဲ့အတွက် တောင်ယမားချောင်းနဲ့ မြောက်ယမားချောင်းမှ ရေများအဟောသိကံ ချင်းတွင်းမြစ်အတွင်းသို့ စီးဆင်းနေရာမှ တချို့စိုက်ပျိုးရေအဖြစ်အသုံးပြုနိုင်ရန်အတွက် သိုလှောင်ပြီး မြေမြင့်၊ မြေနိမ့် အခြေခံတဲ့တူးမြောင်းဖောက်လုပ်ပြီး

ဒေသခံပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး၊ စားဝတ်နေရေးနဲ့ လူနေမှုဘဝမြင့်မားရေးအတွက် စီးပွားဖြစ် နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်ရန် ငွေသာဆည်၊ ဖောင်းတကာဆည်၊ ရေကားဆည်နည်းတူ ရေလှောင်ကန်နိုင်တဲ့ ဆည်၊ ရေလှောင်ကန်ပြုလုပ်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း (Feasibility Study) ဆောင်ရွက်ပေးနိုင်ရန်နဲ့ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့နေရာမှာ စိုက်ပျိုးရေရရှိ၍ ဆည်၊ မြောင်း၊ ကန်၊ ချောင်းများကို အဆိုပါယမားချောင်းမှ သယ်ယူဆောင်ပေးနိုင်ရန် ဒေသခံများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ဂါရဝပြု အပ်ပါတယ်။ စစ်ကိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ဦးခင်ဇော်၊ ဒုတိယဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါ တယ်။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် တောင်ယမားချောင်းပေါ်တွင် တောင်ယမားရေလှောင်တမံ ကို ၁၉၉၉-၂၀၀၀ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဧက ၇၀၀၀ အား စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါ တယ်။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မြောက်ယမားချောင်းပေါ်တွင်လည်း မြောက်ယမား ရေလှောင်တမံကို ၁၉၉၈-၁၉၉၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဧက ၁၂၀၀၀ အား စိုက်ပျိုးရေပေး ဝေနိုင်ခဲ့ပါတယ်။ ထို့အပြင် မြောက်ယမားရေလှောင်တမံ၏ နှစ်စဉ်ပိုလျှံရေများကို ထိန်းသိမ်းနိုင်ရန် နှင့်ရေအားလျှပ်စစ် ၂၅၀ ကီလိုဝပ်ထုတ်လုပ်ရန်အတွက် မြောက်ယမား ရေကူရေလှောင်တမံအား ၂၀၀၇-၂၀၀၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ပိုလျှံရေများအဖြစ် ဧက ၇၅၀၀ စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးအတွက် မြောက်ယမားလက်ဝဲတိုးချဲ့ ရေသောက်စနစ်အား ၂၀၀၈-၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ဧက ၉၀၀၀ တိုးချဲ့ရေပေးဝေနိုင်ရန် မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ်အား ၂၀၁၁-၂၀၁၂ ခုနှစ်တွင်လည်းကောင်း ဆက်လက်တည်ဆောက်လျက်ရှိပါတယ်။

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်တွင် ရေသောက်ဧရိယာ ၃၀၀၀ ဧကရှိသော ငွေသာရေလှောင်တမံ၊ ဧက ၁၀၀၀ ရှိသော ဆားလင်းကြီးရေလှောင်တမံနှင့် ၁၅၀၀ ဧကရှိသော ဖောင်းတကာရေလှောင်တမံတို့ကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေတိုးတက်ရရှိနိုင်မှုအတွက် မြောက်ယမားချောင်းအတွင်းသို့စီးဝင်သည့် ဆပ်သာချောင်းပေါ်တွင် ဆပ်သာရေလှောင်တမံကို တည်ဆောက်ရန်ကျွမ်းကျင်မှုဆိုင်ရာ အသေးစိတ်စူးစမ်းလေ့လာမှုများကို ၂၀၁၄ ခုနှစ်၊ ဧပြီလကုန်တွင် ဆောင်ရွက်ပြီးဖြစ်၍ ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ရေသောက်စနစ်တည်ဆောက်ရန်လေ့လာခြင်းနှင့်အတူ ဆည်တည်ဆောက်မည့်ဒေသအတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေ၊ ပြည်သူတို့၏ လူမှုစီးပွားဘဝထိခိုက်နိုင်မှုအခြေအနေ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်တွက်ချေကိုက်မှု လေ့လာဆန်းစစ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပြီးနောက် အားသာချက်ရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်ရှိမှုတို့အပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဆက်လက်စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်မားလာမှုတို့ကြောင့် ရေရှားပါးမှုဒဏ်ကြုံတွေ့နိုင်သည့်အတွက် ရာသီဥတုဆိုင်ရာ အမျိုးသားရေးမူဝါဒတစ်ရပ်ရေးဆွဲရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကန်ပက်လက်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ကို တင်ပြမှာကတော့ ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်မားလာမှုတို့ကြောင့် ကန္တာရများ ကျယ်ပြန့်လာကာ ရေရှားပါးမှုဒဏ်ကြုံတွေ့နိုင်သောကြောင့် ရာသီဥတုဆိုင်ရာ အမျိုးသားရေးမူဝါဒတစ်ရပ် ရေးဆွဲဆောင်ရွက်ရန် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်ပြည်ထောင်စုဟာဝိုင်ယီအခြေစိုက် East West Center မှ ကမကထပြုပြီးတော့မှ ရန်ကုန်မြို့ ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှာ နိုင်ငံတကာသတင်းမီဒီယာတစ်ရပ်ကို ပြီးခဲ့တဲ့လက ကျင်းပခဲ့ပါတယ်။ အဲ့ဒီညီလာခံကနေပြီးမှ မြန်မာနိုင်ငံမှာ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာနေပါက ရေရှားပါးမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့ရလိမ့်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများအဖွဲ့က သတိပေးပြောကြားခဲ့ပါတယ်။

**မူကြမ်း**

အလားတူ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အလျင်အမြန်လျှော့ချခွင့်ပြုပါက လာမည့်နှစ်ကာလများမှာ ကမ္ဘာ့စိုက်ပျိုးရေးကဏ္ဍမှာ အခက်အခဲပြဿနာများ တွေ့ရလိမ့်မည်လို့လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအစိုးရအဖွဲ့အစည်း(IPCC)ကလည်း သတိပေးထားပြန်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်လို့ ပညာရှင်များရဲ့ စာတမ်းများ၊ သုံးသပ်ချက်များကို ချိတ်ဆက်လေ့လာ၍ ခုနစ်နှစ်တစ်ကြိမ်အစီရင်ခံစာထုတ်ပြန်သော ကမ္ဘာမြေကြီး၏ အခြေအနေအစီရင်ခံစာတင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနှင့် ရေရှားပါးမှုဒဏ်အများဆုံးခံရမယ့်ဒေသများမှာ အာရှတိုက်နှင့် အာဖရိကတိုက်တို့က ရှေ့တန်းမှပါဝင်နေပါတယ်။ IPCC အစီရင်ခံစာမှာ ယင်းတိုက်ကြီးနှစ်ခုတွင် မုတ်သုံမိုးရွာသွန်းမှုပုံစံများလည်း ပျက်ယွင်းသွားနိုင်ပြီးတော့မှ အာဖရိကအရှေ့ပိုင်း၊ တရုတ်နိုင်ငံ မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံအနောက်ပိုင်း ခြောက်သွေ့ဒေသတွေမှာ သဲကန္တာရဖြစ်ပေါ်မှုပိုမိုကျယ်ပြန့်လာနိုင်ကြောင်း ဖော်ပြထားပါတယ်။

အလားတူ ဟိမဝန္တာဒေသရေခဲညွန့်များ၊ ရေခဲမြစ်များ၊ တဖြည်းဖြည်းအရည်ပျော်ကျလာမှုကြောင့်မို့လို့ မကြာမီနှစ်များအတွင်းမှာ ရန်စီမြစ်၊ မဲခေါင်မြစ်၊ ဧရာဝတီမြစ်၊ ဂင်္ဂါမြစ်နဲ့ ဗြဟ္မပုတ္တရမြစ်ကြီးများရဲ့ မြစ်ဝှမ်းဒေသများမှာ ရေလွှမ်းမိုးမှုများမကြာခဏဖြစ်ပေါ်လာပြီး နောက်ပိုင်း မှာတော့ ထာဝရရေခမ်းခြောက်သွားနိုင်တဲ့အခြေအနေထိ ကြုံတွေ့လာနိုင်ကြောင်းကို ပညာရှင်များက သုံးသပ်တင်ပြကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်းမှာ နှစ်စဉ်မုတ်သုံကာလရက်ပေါင်း ၄၀ ခန့် ဆုံးရှုံးနေပါတယ်။ ဒါ့ကြောင့်မို့လို့ သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးသွားနိုင်ကြောင်းလည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသီအဖွဲ့က သုံးသပ်တင်ပြခဲ့ပါတယ်။ တစ်နှစ်မှာ မိုးရွာရက် ၁၄၅ ရက်ကနေပြီးမှ ဒီကနေ့ ၁၀၅ ရက်ခန့်သာ ကျန်ရှိတော့သောကြောင့် ဖြစ်ပေါ်လာမယ့်အကျိုးဆက်များကို မိုးရေကိုအမှီပြုနေရတဲ့ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ တောင်သူလယ်သမားများ ခံစားကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသဘာဝစွမ်းအင်အသင်း REAM ကလည်း ပြီးခဲ့တဲ့နှစ်များအတွင်း မြန်မာနိုင်ငံမှာရှိတဲ့ ဆည်ပေါင်း ၁၃၀ ကျော်မှာ ပျမ်းမျှရေဝင်နှုန်း ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း ဖော်ပြခဲ့ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ရေဝေရလေ့ဒေသ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးသွားခြင်းများဖြစ်သလို ရေဝေရလေ့ဒေသ

သစ်တောပြုန်းတီးမှုများကြောင့်လည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းများ ဖြစ်ပေါ်နေကြောင်း ကွင်းဆက်တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ မြစ်ချောင်းတွေဟာ မြောက်မှတောင်သို့ စီးဆင်းလျက်ရှိပါတယ်။ အဓိကရေဝင်ရေလဲဒေသများကတော့ ကချင်ပြည်နယ်မြောက်ဖျားတောင်တန်းဒေသများနှင့် အနောက်ရိုးမလို့ခေါ်ဆိုတဲ့ ရခိုင်ရိုးမ၊ ချင်းတောင်တန်းနဲ့ နာဂတောင်တန်းတို့ ဖြစ်ကြပါတယ်။ အဲ့ဒီရေဝေရလေဲဒေသတွေမှာ ရွှေ့ပြောင်းသစ်ထုတ်လုပ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ နှစ်စဉ်တိုးတက်ဖြစ်ပေါ်နေတဲ့အခါမှာ ထိုလုပ်ငန်းများကို ရပ်တန့်သွားအောင်တားဆီးနိုင်ခြင်းမရှိပါက ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်တို့ရဲ့အနာဂတ်သည် စိုးရိမ်ဖွယ်ရာအခြေအနေသို့ ဆိုက်ရောက်သွားနိုင်ကြောင်းလည်း သုံးသပ်တင်ပြကြပါတယ်။ ရာသီဥတုပိုမိုပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကြောင့် ဧရာဝတီ၊ ချင်းတွင်းမြစ်ကြီးများ၊ တိမ်ကောထိခိုက်လာနိုင်သလို မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသဟာလည်းပဲ ကန္တာရအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲရောက်ရှိသွားနိုင်ကြောင်း ဆက်စပ်သုံးသပ်ကြပါတယ်။ ဒါ့ကြောင့်မို့လို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားရေး မူဝါဒတစ်ရပ်ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းမပြုနိုင်ပါက မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဆင်းရဲမွဲတေမှုလျော့ပါးရေးလုပ်ငန်းစဉ်များအပေါ်မှာ ထိခိုက်သက်ရောက်မှုများကြုံတွေ့လာနိုင်ကြောင်းလည်း သုံးသပ်ကြပါတယ်။

သို့ပါ၍ ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်မားလာမှုတို့ကြောင့် ကန္တာရများကျယ်ပြန့်လာကာ ရေရှားပါးမှုဒဏ် ကြုံတွေ့လာနိုင်သောကြောင့် ရာသီဥတုဆိုင်ရာ အမျိုးသားရေးမူဝါဒတစ်ရပ်ရေးဆွဲကာကွယ်စောင့်ရှောက်နိုင်ခြင်းရှိ/မရှိ ရှင်းလင်းဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

သူရဦးအောင်ကိုရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏ အကျိုးဆက်များကို ကမ္ဘာနှင့်တစ်ဝှမ်း ရင်ဆိုင်ကြုံတွေ့နေရပြီး မြန်မာနိုင်ငံသည်လည်း အပါအဝင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များတွင် စဉ်ဆက်မပြတ်ဆောင်ရွက် ခဲ့မှုများကို ဦးစွာတင်ပြပါမယ်။

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Framework Convention on Climate Change-UNFCCC) အား ၁၁-၆-၁၉၉၂ တွင် လက်မှတ်ရေးထိုး၍ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါတယ်။ ကွန်ဗင်းရှင်းရဲ့ နောက်ဆက်တွဲစာချုပ်ဖြစ်သော ကျိုတိုနောက်ဆက်တွဲ စာချုပ်(Kyoto Protocol) တွင်လည်း ၁၃-၈-၂၀၀၃ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ အဖွဲ့ဝင် အဖြစ်ပါဝင်ပါတယ်။ ကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်ပါ လိုက်နာဆောင်ရွက်ရန် အချက်များကို မိမိနိုင်ငံအတိုင်းအတာဖြင့် လိုက်နာဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် Asian Least Cost Greenhouse Gas Abatement Strategy (ALGAS) စီမံကိန်းတွင်ပါဝင်ပြီး ပထမဆုံး မှန်လုံအိမ် ဓာတ်ငွေ့စစ်တမ်း ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံအနေဖြင့် ဆောင်ရွက်ရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကနဦး အမျိုးသားအဆင့် အစီရင်ခံစာ (Initial National Communication-INC) ကို ကုလသမဂ္ဂ ပတ်ဝန်း ကျင်ထိန်သိမ်းရေးအစီအစဉ် (UNEP)၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အပံ့ (GEF)တို့၏ အကူအညီဖြင့် ရေးဆွဲပြုစုခဲ့ပြီး ၂၆-၁၂-၂၀၁၃ ရက်နေ့တွင် ကွန်ဗင်းရှင်းအတွင်းဝန်ရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ဒုတိယအကြိမ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အစီရင်ခံစာ (Second National Communication) ပြုစုရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) နှင့်ပူးပေါင်း၍ အမျိုးသားအဆင့် ရာသီ ဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ရေးစီမံချက် (National Adaptation Plan Action-NAPA) ကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ရေးဆွဲပြီးစီးခဲ့ပြီဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်ရေးနှင့် လျော့ပါးရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်သည့် မြန်မာနိုင်ငံ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစီမံချက်(Myanmar Action Plan for Disaster Risk Reduction-MAPDRR) ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပ

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်လည်း အာဆီယံရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းအဖွဲ့ (ASEAN Working Group on Climate Change-AWGCC)တွင် ဒေသတွင်း နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့်ပတ်ဝန်းကျင်ဆိုင်ရာစင်ကာပူကြေညာချက်ကို ၂၁-၁၁-၂၀၀၇ ရက်နေ့တွင်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာပူးတွဲတုန့်ပြန်ရေး အာဆီယံကြေညာစာတမ်းကို ၉-၄-၂၀၁၀ ရက်နေ့တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် မူဝါဒဆိုင်ရာဖွံ့ဖြိုးမှုများနှင့် ပြုပြင်ပြောင်းလဲမှုအစီအစဉ်များတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲ ၂၇ ဦး အဖွဲ့ဝင်အဖြစ်ပါဝင်သော မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Myanmar Climate Change Alliance-MCCA) ကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒပေါ်ပေါက်လာရေး၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ (National Climate Change Strategy and Action Plans)ရေးဆွဲရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာယူနစ် (Climate Change Core Unit)ဖွဲ့စည်းရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရာသီဥတုဆိုင်ရာအမျိုးသားရေးမူဝါဒ ရေးဆွဲချမှတ်ဆောင်ရွက်ရန်နှင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကိုယ်စား ဖြေကြားအပ်ပါတယ်။ ရေရှားပါးမှုဒဏ်ကိုခံနိုင်ရန်နှင့် ရေအပြည့်အဝရရှိရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးလက်ဒေသရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၆၄၉၁၇ ရွာအနက် စတင်ဆောင်ရွက်သည့် ၂၀၀၀-၂၀၁၁ မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရွာပေါင်း ၃၂၅၆၂ ရွာအား ဆောင်ရွက်ပေးခဲ့ပြီး ဆောင်ရွက်ရန်ကျန် ၃၂၃၅၅ ရွာကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင်

၃၃၇၁ ရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၂၂၀ ရွာကို ပထမငါးနှစ်တာကာလအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒုတိယငါးနှစ်တာစီမံကိန်းတွင် ၅၉၅၈ ရွာ၊ တတိယငါးနှစ်စီမံကိန်းတွင် ၅၉၈၉ရွာ၊ စတုတ္ထငါးနှစ်စီမံကိန်းကာလတွင် ၅၉၈၀ ရွာကို ဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားအပ်ပါတယ်။

မြန်မာနိုင်ငံ၏ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေပြုမှုဆောင်ရွက်နိုင်ရန် စီမံချက်အားပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) တို့ဟာ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုးခဲ့ပြီး၊ စီမံချက်ကို ၂၀၁၁ ခုနှစ် မတ်လမှစတင်၍ စိုက်ပျိုးရေး၊ သစ်တော၊ ကျန်းမာရေး၊ ရေအရင်းအမြစ်၊ စွမ်းအင်နှင့် စက်မှုစသည့် ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ပူပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ စီမံချက်များ၏ ဦးစားပေးကဏ္ဍများမှာ ပထမဦးစားပေးအနေနဲ့ စိုက်ပျိုးရေး၊ ကြိုတင်သတိပေးချက်စနစ်နှင့် သစ်တောရေးရာကဏ္ဍတို့ ဖြစ်ပါတယ်။ ဒုတိယဦးစားပေးကဏ္ဍမှာတော့ ပြည်သူ့ကျန်းမာရေးနှင့် ရေအရင်းအမြစ်ကဏ္ဍရပ်များ ဖြစ်ပါတယ်။ တတိယဦးစားပေးမှာ ကမ်းရိုးတန်းဒေသများ၊ စတုတ္ထဦးစားပေးတွင် စွမ်းအင်၊ စက်မှုနှင့် ဇီဝမျိုးစုံ/မျိုးကွဲကဏ္ဍများဖြစ်ပါတယ်။ ဦးစားပေးမှုအစီအစဉ်ကိုလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးလက်အစုအဖွဲ့၊ ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူပညာရှင်များ၊ ပြည်သူလူထု၏အမြင်များ ထည့်သွင်းရေးဆွဲပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ ရာသီဥတုပြောင်းလဲမှု၊ အပူချိန်မြင့်မားလာမှုတို့ကြောင့် ကန္တာရများကျယ်ပြန့်လာကာ ရေရှားပါးမှုဒဏ်ကြုံတွေ့နိုင်သောကြောင့် ရာသီဥတုဆိုင်ရာ အမျိုးသားရေးမူဝါဒတစ်ရပ်ရေးဆွဲဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် ပတ်သက်၍ အမျိုးသားအဆင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက်များရေးဆွဲ၍ ရာသီဥတုပြောင်းလဲမှုဆိုင်ရာယူနစ်ဖွဲ့စည်းရေးတို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။ (သြဘာသံများ)

**အခွန်ဦးစီးဌာနမှရောင်းချသော စာချုပ်တံဆိပ်ခေါင်းနှင့် ရုံးခွန်တော်တံဆိပ်ခေါင်းများကို အတုပြုလုပ်သော မိတ္တူဆိုင်များရှိနေပါသဖြင့် ဖော်ထုတ်အရေးယူပေးရန်နှင့် တံဆိပ်ခေါင်းများ လွယ်ကူစွာဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ မြန်မာနိုင်ငံ အခွန်ဦးစီးဌာနကရောင်းချတဲ့ အခွန်တံဆိပ်အမျိုးမျိုးအနက် ကပ်တံဆိပ်ခေါင်းများကလွဲပြီး ကျန်တံဆိပ်ခေါင်းများဖြစ်တဲ့ စာချုပ်တံဆိပ်ခေါင်းများ၊ ရုံးခွန်တော်တံဆိပ်ခေါင်းများကို ကာလာပရင်တာနဲ့ အတုပြုလုပ်ပြီးတော့ မိတ္တူဆိုင်များမှာရောင်းချလျက်ရှိတယ်လို့ သိရှိနေရပါတယ်။ ထိုမိတ္တူဆိုင် များကို ထိထိရောက်ရောက်ဖော်ထုတ် အရေးမယူနိုင်ရင် နိုင်ငံတော်အတွက် အခွန်ရရှိမှုဟာ များစွာ လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒီ့အပြင်လည်း တရားရုံးများမှာ အမှုတွဲမှာကပ်တဲ့ တံဆိပ်တွေကို ဥပဒေလုပ်ထုံးလုပ်နည်းအရ ပြန်လည်အသုံးမပြုနိုင်အောင် ပယ်ဖျက်ရမှာဖြစ်သော်လည်းပဲ ပယ်ဖျက်ခြင်းမပြုဘဲနဲ့ မသမာတဲ့ဝန်ထမ်းတချို့က ပြန်လည်ရောင်းချအသုံးပြုလျက်ရှိနေတယ်လို့ သိရှိရပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်တွေ့မှာ စာချုပ်တံဆိပ်ခေါင်းများကို ဝယ်ယူရရှိရန် အခက်အခဲများစွာဖြစ်နေတဲ့အတွက် ပြင်ပရှိစာချုပ်တံဆိပ်ခေါင်း ရောင်းဝယ်တဲ့ဆိုင်များမှာ တစ်စောင်လျှင် ၅၀၀ ကျပ်၊ ၆၀၀ ကျပ်၊ ၁၀၀၀ ကျပ်စသည်ဖြင့် ပြည်သူများက အမြတ်ပေးဝယ်နေရတာကို တွေ့ရှိနေရပါတယ်။ ဒါ့ကြောင့် အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းများကို လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (၁) ရုံးခွန်တော်တံဆိပ်ခေါင်း၊ စာချုပ်တံဆိပ်ခေါင်းအတုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ်ရှိ/မရှိ။ (၂) ပြည်သူများ တံဆိပ်ခေါင်းများ ဝယ်ယူရာတွင် လွယ်ကူအောင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းမေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပထမမေးခွန်းဖြစ်တဲ့ ရုံးခွန်တံဆိပ်ခေါင်း၊ စာချုပ်တံဆိပ်ခေါင်းအတုများကို ဖော်ထုတ်အရေးယူပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနက ဖြန့်ဝေရောင်းချလျက်ရှိတဲ့ ပုံနှိပ်တံဆိပ်ခေါင်းများဖြစ်တဲ့ အခွန်တံဆိပ်ခေါင်းများ၊ ရုံးခွန်တော်တံဆိပ်ခေါင်းများမှာပုံနှိပ်ထားတဲ့ မြန်မာမှုပန်း၊ ခြသေ့်ရုပ်နှင့် အင်္ဂလိပ်မြန်မာစာသားများကို အလွယ်တကူတုပ၍ မရနိုင်အောင် လုံခြုံမှုအစီအမံများ ဆောင်ရွက်ထားရှိသော်လည်း တိုးတက်မြင့်မားလာတဲ့ နည်းပညာများနှင့်အတူ ကာလာပရင်တာများအသုံးပြုပြီးတော့ ရောင်းချတဲ့ဆိုင်များရှိကြောင်း သိရှိရတဲ့အတွက် ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့များမှာ ပြည်ထဲရေးဝန်ကြီးဌာန အကူအညီနဲ့ ဝင်ရောက်သိမ်းဆည်းပြီး အတုအစစ်ခွဲခြားနိုင်ဖို့ လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံးကို ပေးပို့စိစစ်ခဲ့ပါတယ်။ အတုဖြစ်ကြောင်းသိရှိရတဲ့အတွက် အရေးယူဆောင်ရွက်တဲ့နေရာမှာ ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ချမှတ်ခံရသူတစ်ဦးနှင့် ထောင်ဒဏ် ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်ခံရသူ ခြောက်ဦး စုစုပေါင်း ခုနစ်ဦး ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ပြဋ္ဌာန်းထားရှိတဲ့ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံသူ/နိုင်ငံသား လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အရေးယူပိုင်ခွင့်ရှိတဲ့ ဝရမ်းမပါဘဲ ဖမ်းဆီးရသည့်အမှုများကိုလည်းကောင်း၊ ရဲအရေးယူပိုင်ခွင့်မရှိသော်လည်း တရားရုံးရဲ့ဝရမ်းစာအရလည်းကောင်း ဖမ်းဆီးရန်လိုအပ်တဲ့အမှုအခင်းများကို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ရုံးခွန်တံဆိပ်ခေါင်း၊ စာချုပ်တံဆိပ်ခေါင်းအတုများနှင့်စပ်လျဉ်းပြီးတော့ အတုလုပ်ခြင်း၊ လက်ဝယ်ထားခြင်း၊ အတုလုပ်တဲ့ကိရိယာများထားရှိလုပ်ကိုင်

ရောင်းချခြင်း စသည်တို့နှင့်စပ်လျဉ်းပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၅၅၊ ၂၅၆၊ ၂၅၇၊ ၂၅၈နှင့် ၂၅၉ တို့အရ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်ပါတယ်။ အတုပြုလုပ်မှုများနှင့်ပတ်သက်လို့ လောလောဆယ် တိုင်ကြားမှုများမရှိပေမယ့်လည်း ရုံးခွန်တံဆိပ်ခေါင်းများ၊ စာချုပ်တံဆိပ်ခေါင်းများ အတုပြုလုပ်ခြင်းများကို ဆက်လက်ပြီးတော့ စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တံဆိပ်ခေါင်းအစစ်မှာ ရေစာပါရှိတဲ့အတွက် အတုနှင့်အစစ်ခွဲခြားနိုင်သကဲ့သို့ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများစက်ရုံမှလည်း လုံခြုံရေးအား အဆင့်မြှင့်တင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ တံဆိပ်ခေါင်းများဝယ်ယူရလွယ်ကူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီးတော့ တံဆိပ်ခေါင်းများကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ၂၆၄ ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်နှင့် ရန်ကုန်မြို့၊ အမှတ်(၁၇/ဃ)၊ ၃၆ လမ်းအလယ်၊ ကျောက်တံတားမြို့နယ်မှာ အရောင်းကောင်တာတစ်ခုစီဖွင့်လှစ်ပြီးတော့ ရုံးချိန်အတွင်း ရောင်းချပေးခဲ့ပါတယ်။ သို့သော်လည်းပဲ မြို့နယ်တစ်မြို့နယ်မှာ တစ်နေရာမှာသာ ရုံးချိန်အတွင်း ရောင်းချပေးနိုင်တဲ့အတွက် ပြင်ပမှာ တံဆိပ်ခေါင်းဈေးနှုန်း ကြီးမြင့်မှုများဖြစ်ပေါ်ခဲ့ပြီးတော့ အဆိုပါ ပြင်ပအရောင်းဆိုင်များမှာ ဈေးနှုန်းကြီးမြင့်နေမှုတွေကို ဖြေရှင်းနိုင်ရေးအတွက်ကို ၁၄-၁-၂၀၁၄ ရက်နေ့မှစတင်ပြီးတော့ ယခင်ရောင်းချပေးလျက်ရှိတဲ့ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ရုံးများအပြင် မြန်မာနိုင်ငံတစ်ဝှမ်းမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲပေါင်း ၂၃၆ ခုမှာလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပင်စင်ဦးစီးဌာနမှူးရုံးမှာလည်းကောင်း ထပ်မံတိုးမြှင့်ပြီးတော့ ရောင်းချပေးခဲ့ပါတယ်။ စတင်တိုးချဲ့ရောင်းချချိန်များမှာ ပြင်ပမှာဈေးနှုန်းမြင့်မားနေတဲ့အတွက် လာရောက်ဝယ်ယူသူများပြားခဲ့ပြီးတော့ ယခုအချိန်မှာတော့ ပြင်ပမှာ အမြတ်ပေးဝယ်ယူမှု မရှိတော့သလောက်ဖြစ်သွားတဲ့အတွက် အမှန်တကယ်အသုံးပြုလိုသူများအနေနဲ့သာ လာရောက်ဝယ်ယူလျက်ရှိပါတယ်။ ဒါ့အပြင် တံဆိပ်ခေါင်းများ ပြတ်လပ်မှုမရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက် ဖြည့်တင်းနိုင်ရေးအတွက်လည်း ပုံနှိပ်စက်အသစ်များ ထပ်မံဝယ်ယူပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ တံဆိပ်ခေါင်းများ ပြတ်လပ်မှုမရှိစေရေးအတွက် ခုနစ်နှစ်စာ လက်ကျန်သိုလှောင်ထားပြီးဖြစ်ပါတယ်။ တံဆိပ်ခေါင်းဝယ်ယူလိုသူများအနေနဲ့ ကျိုးကြောင်းဖော်ပြလျက် အရောင်းဌာနများမှာ မိမိလိုသလောက် ဝယ်ယူရရှိနိုင်ပြီဖြစ်ပါကြောင်းနှင့် ယခုထက် အရောင်းကောင်တာများ ပိုမိုဖွင့်လှစ်နိုင်ရေး

**မူကြမ်း**

အတွက် လိုင်စင်ရအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရန် နည်းဥပဒေများ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ နည်းဥပဒေများထုတ်ပြန်ပြီးလို့ရှိရင် လိုင်စင်ရအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အုတ်တွင်းမြို့နယ်၊ ကျွဲပွဲ-အုတ်ဖို ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် အုတ်ဖိုကျေးရွာအုပ်စုမှာဆိုလို့ရှိရင် ကျွဲပွဲ-အုတ်ဖို ကျေးရွာချင်းဆက်လမ်းဟာဆိုရင် ၁၉၇၃ ခုနှစ်ကစပြီးတော့ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ အဲ့ဒီလမ်းဟာဆိုလို့ရှိရင် တောင်အုတ်ဖို၊ မြောက်အုတ်ဖို၊ ရေလျှံကျေးရွာအပါအဝင် ကျေးရွာ(၁၁)အုပ်စုမှ လူဦးရေ၊ အိမ်ထောင်စု ၈၆၁ စုခန့်ကို အကျိုးပြုလျက်ရှိပါတယ်။ အဲ့ဒီလမ်းဟာဆိုလို့ရှိရင် အမြန်လမ်းတိုင်အောင် လေးမိုင်ကျော်ကွာဝေးလျက်ရှိပါတယ်။ ဒါ့အပြင် နီးစပ်ရာကျေးရွာများဖြစ်တဲ့ ဆွဲလဲချောင်းကျေးရွာ၊ ကျွဲပွဲနှင့်ကျေးရွာများအပြင် သီဟိုရ်စိုက်ခင်းတို့၊ ရော်ဘာစိုက်ခင်းတို့ နေရာတွေပါ အကျိုးပြုလျက်ရှိပါတယ်။ ယခုအခါမှာ အမြန်လမ်းဖောက်လိုက်တဲ့အတွက် အဲ့ဒီလမ်းမကြီးဟာဆိုလို့ရှိရင် ပျက်စီးသွားပြီးတော့ ချိုင့်တွေနဲ့ပြည့်နေတယ်။ ယာဉ်လည်းသွားလို့မရတော့ပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို လေးစားစွာဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ အုတ်တွင်းမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စုမှာရှိတဲ့ ကျွဲပွဲ-အုတ်ဖိုကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ယူပြီးတော့ အမြန်ဆုံးခင်းပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ်ရှိ ပျက်စီးနေသော ကျေးရွာချင်းဆက်မြေသားလမ်းမကြီးအား ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်ဆွေ(ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့ ကျေးလက်နေတောင်သူလယ်သမားများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့စေရန် မေးခွန်းတစ်ခုမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ် မြို့နယ်နှစ်မြို့နယ်နှင့်သက်ဆိုင်ပြီး ကျေးရွာအများစုအတွက် အကျိုးဖြစ်ထွန်းနိုင်သော ပိန်းဇလုပ်-ကညင်ကျိုးကျေးရွာချင်းဆက် မြေသားလမ်းမကြီးသည် အရှည်အားဖြင့် ငါးမိုင်ခန့်၊ အကျယ်အားဖြင့် ၁၂ ပေခန့်ရှိပါတယ်။ ၎င်းလမ်းကို အသုံးပြုသွားလာနေရသော ရွာများမှာ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်မှကမ်းရွာများဖြစ်သော ကညင်ကျိုးရွာဟောင်း၊ လှေတန်းကျွန်းကြီး၊ ကရင်ကျွန်းကြီး၊ ပြည်တော်သာကျွန်း၊ ထိုးဝါးစိုက်၊ ရွာကန့်လန့်၊ ရွှေသောင်၊ ဟသ်ာဝဲ၊ ကျည်စု၊ ဝဲမှူး၊ သစ်ဖရောင်းတန်း၊ လိမ်ပင်ဝဲ၊ ပဒဲကော၊ ဂေါ်သဇင်၊ မဘီးကြီး၊ မဘီးလေး၊ ရှမ်းစု၊ ဒါးကုလား၊ ငါးဖယ်အင်း(အရှေ့)၊ တုံးတံတား၊ မအူပင်၊ လက္ကံ၊ ငါးဖယ်အင်း၊ ခင်ကန့်လန့်၊ ပိန်းဇလုပ်ရွာမှ ရွာများဖြစ်ပြီး ဤလမ်းမကြီးသည် ယခုအချိန်တွင် ပျက်စီးနေပါသဖြင့် မိုးတွင်းကာလတွင် လုံးဝသွားလာ၍မရနိုင်ပါ။ ညောင်လေးပင်လမ်းပိုင်းမှာ သွားလာနိုင်သော်လည်း ကျောက်တံခါးမြို့နယ်လမ်းပိုင်း မြို့ရွာတာပေါ်တွင် သွားလာ၍မရပါ။ သို့ဖြစ်ပါ၍ ဤလမ်းမကြီးကို အားကိုးသွားလာနေသော အထက်ပါကျေးရွာများမှပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ အလွန်ပင်ခက်ခဲဒုက္ခရောက်နေပါတယ်။ ဤလမ်းမကြီးကို နိုင်ငံတော်မှ ပြုပြင်ပေးမည်ဆိုပါက အထက်ပါ ကျောက်ကြီး၊ ရွှေကျင်၊ ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်များမှ ကျေးရွာများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ အဆင်ပြေသွားနိုင်မည်ဖြစ်ပါ၍ ဤလမ်းမကြီးအား နိုင်ငံတော်မှပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင်

ပြုပြင်ပေးမည်ကိုသိလိုပါသဖြင့် ကျေးလက်နေပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မာန်အောင်မြို့နယ်၊ ကင်းတဲနှင့် မီးလောင်တောင့်ရွာကြားရှိ ဝါးတံတားကို ကွန်ကရစ်တံတားအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းအပေါင်း ခညောင်းကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တင်ပြမှာကတော့ ကွန်ကရစ် တံတားတည်ဆောက်ပေးရေးကိစ္စဖြစ်ပါတယ်။ မာန်အောင်မြို့နယ်ရှိ ကင်းတဲရွာကြီးနှင့် မီးလောင် တောင့်ရွာကြီးနှစ်ရွာကို ဖြတ်သန်းရာမှာ ပေ ၂၀၀ အရှည်နှင့် အနံ ၁၀၀ ပေ အကျယ် ဝါးတံတားကို ပထမလူထုလုပ်အားနဲ့တည်ဆောက်ခဲ့ပါတယ်။ သို့သော်လည်း တောင်ကျရေက ပြင်းတဲ့အတွက်ကြောင့် မခံနိုင်လို့ ပြိုဆင်းခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်မှာ အစိုးရက သစ်သားတံတားဆောက်လုပ်ရန်ခွင့်ပြုခဲ့ပါ တယ်။ အဲ့ဒီဆောက်လုပ်တဲ့အခါမှာ လက်သမားများမကျွမ်းကျင်၍ တံတားဟာခိုင်ခံ့မှုမရှိဘဲ တောင်ကျ ရေပြင်းထန်မှုကြောင့် ရေစီးနဲ့မျောပါသွားခဲ့ပါတယ်။ အဲ့ဒီအချိန်မှစပြီးတော့ အစိုးရအဖွဲ့သို့ ၎င်းတံတား ပြန်လည်တည်ဆောက်ပေးရေးအတွက် နှစ်စဉ်တင်ပြခဲ့သော်လည်း ခွင့်ပြုချက်မရခဲ့ပါဘူး။ ဤတံတား ကိုအားကိုးပြီးတော့ ချောင်းဝရွာ၊ ဆင်နားချောင်ရွာ၊ အထက်ပြင်ရွာ၊ မီးလောင်တောင့်ရွာတို့မှ ကျောင်းသူကျောင်းသားများဟာ အထက်တန်းကျောင်း၊ ယခုအထက်တန်းကျောင်း ဖြစ်သွားပါပြီ။ ဆင်နားချောင်ကျောင်းကို တက်ဆင်းနေကြပါတယ်။ ရွာသူရွာသားများကလည်း မဖြစ်မနေ ဝါးတံတား ကိုပြုလုပ်ပြီးတော့ မခိုင်မခံ့ပြုလုပ်ထားရပါတယ်။ အန္တရာယ်များလှပါတယ်။ မကြာခဏပြန်လုပ်နေရ ပါတယ်။ ယခုနှစ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက တံတားချဉ်းကပ်လမ်းအတွက် ကင်းတဲရွာကနေ ဝါးတံတားအထိ ပေ ၁၀၀၀ အနံ ၉ ပေကို မြေသားလမ်းကတစ်ဆင့် ကျောက်ခင်းလမ်းအထိ ပြုလုပ်ပေးခဲ့ပါတယ်။ သို့ပါ၍ အထက်ပါ ကင်းတဲရွာနှင့်မီးလောင်တောင့်ရွာကြားရှိ ဝါးတံတားကို

၂၀၁၄-၂၀၁၅ နှစ်အတွင်း ကွန်ကရစ်တံတားပြုလုပ်ပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်သုံးဦးရဲ့ မေးမြန်းမှုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ဌေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများအားလုံး၊ စိတ်၏ချမ်းသာခြင်းကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ဌေးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဦးစွာပထမ ကျွန်တော်တင်ပြဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲကျေးရွာမှ အုတ်ဖိုကျေးရွာ မင်းရဲဆည်အထိဆည်မြောင်းလမ်းအဖြစ် ယခင်ကသွားလာခဲ့ပြီးတော့ အမြန်လမ်းမကြီး ဖောက်လုပ်ပြီးစီးတဲ့အခါမှာ အမြန်လမ်းမကြီးကနေပြီးတော့ မင်းရဲဆည်အထိ သွားလာခြင်းဖြင့်လည်းကောင်း၊ ဒါမှမဟုတ်လည်း ကျွန်တော်တို့ဆက်ပြီးတော့ ကျွဲပွဲမှအုတ်ဖိုသို့ ကျေးရွာချင်းဆက်လမ်းဖြင့်လည်းကောင်း အသုံးပြုလျက်ရှိပြီး အဲ့ဒီအပေါ်မှာ အရှည် ၁ မိုင် ၁ဖာလုံရှည်တဲ့ ကျောက်လမ်းပျက်တစ်ခုရှိပါတယ်။ အဆိုပါလမ်းဟာ ကျေးရွာငါးရွာရှိတဲ့ ပြည်သူပေါင်း ၁၅၀၀ ကျော်တို့ကို အကျိုးပြုပြီးတော့ အရှည် ၁ မိုင် ၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၀ လက်မ ကျောက်ချောခင်းလို့ရှိရင် ကျွန်တော်တို့ ငွေကျပ် ၅၆.၂၅ သန်း ကုန်ကျမည်လို့ခန့်မှန်းရရှိပါတယ်။ ပဲခူးတိုင်းချုပ်အနေနဲ့ ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုထားတဲ့ရန်ပုံငွေကတော့ လမ်းတံတားအားလုံးပေါင်း ၁၉.၁၂၆ ဘီလီယံ ဘဏ္ဍာငွေခွင့်ပြုထားပါတယ်။ အချုပ်အနေနဲ့တင်ပြရရင် အုတ်တွင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ယခုနှစ်ရန်ပုံငွေက ၃၆၀.၃၀ သန်း လမ်းတံတားများအတွက် လျာထားခွင့်ပြုပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းတဲ့ အုတ်တွင်းမြို့နယ်အတွင်း ကျွဲပွဲ-အုတ်ဖိုလမ်းကို ဒီကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ယခုနှစ်

ဖြည့်စွက်မှာ ကျွန်တော်တို့ တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်ကိုဆက်ထားတဲ့ ပိန်းဇလုပ်-ကညင်ကျိုးလမ်းဟာ ညောင်လေးပင်မြို့နယ်နဲ့ ၂ မိုင်၊ ကျောက်တံခါးမြို့နယ်နှင့် ၃ မိုင် စုစုပေါင်းအရှည် ၅ မိုင်ရှိပါတယ်။ ကျောက်တံခါးမြို့နယ်အပိုင်းက ၃ မိုင်အနက် ၁ မိုင်ကဆည်မြောင်းဦးစီးဌာနပိုင် ဖြစ်ပါတယ်။ စစ်တောင်းတာပေါ်ရှိ မြေသားတမံဖြစ်တဲ့အတွက်ကြောင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၄ မိုင် ပြုပြင်ပေးရမည်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါလမ်းဟာ ကျေးရွာ ၈ ရွာနဲ့ ပြည်သူပေါင်း ၇၁၀၀ ကျော်ကိုအကျိုးပြုပြီးတော့ ကျောက်ချောလမ်း ၄ မိုင်ခင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ၂၈၅.၁၂ သန်းကုန်ကျမှာဖြစ်ပါတယ်။ အစောကတင်ပြသလိုပဲ ပဲခူးတိုင်းဒေသကြီးရဲ့ ဒီနှစ် ၂၀၁၄-၂၀၁၅ မှာ ၁၉.၁၂၆ ဘီလီယံ ကျွန်တော်တို့ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းများကို ကျွန်တော်တို့ ခွင့်ပြုထားတာဖြစ်ပါတယ်။ ဒီလိုပဲကျောက်တံခါးမြို့နယ်တစ်ခုထဲမှာပဲ ဒီနှစ် ၂၀၁၄-၂၀၁၅ မှာ ၉၇၉.၇၁၆ သန်း လမ်းတံတားများအတွက်ခွင့်ပြုထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ကျောက်တံခါးမြို့နယ်အတွင်းမှာရှိတဲ့ ပိန်းဇလုပ်-ကညင်ကျိုးလမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ယခုနှစ်မှာ ဘဏ္ဍာငွေခွင့်ပြုထားပေးခြင်းမရှိပါဘူး။ သို့သော်လည်း ၂၀၁၅-၂၀၁၆ မှာကျွန်တော်တို့ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြပြီးတော့ တောင်းခံဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

မေးခွန်း(၃)အနေနဲ့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ မေးမြန်းထားတဲ့မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြပါ့မယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ကင်းတဲကျေးရွာအုပ်စု မီးလောင်တောင့်

ကျေးရွာအုပ်စု၊ မီးလောင်တောင့်ကျေးရွာကို ဆက်သွယ်ထားတဲ့တင်ပြပါ ကျေးရွာချင်းဆက်လမ်းပေါ်ရှိတဲ့ ယာယီဝါးတံတားမှာ အရှည် ၂၂၀ ပေဖြစ်ပါတယ်။ အကျယ်အားဖြင့် ၃ ပေ၊ အမြင့်အားဖြင့် ၃၀ ပေရှိပြီးတော့ အဆိုပါအားဖြင့် တံတားကို အရှည် ၂၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၃၀ ပေရှိတဲ့ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်လို့ရှိရင် ခန့်မှန်းကုန်ကျငွေ သန်း ၂၀၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ချုပ်အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားတာကတော့ ၁၁.၈၄၂ ဘီလီယံ ကျွန်တော်တို့လမ်းတံတားများအတွက် အသုံးပြုရန်ခွင့်ပြုပြီးဖြစ်ပါတယ်။ မာန်အောင်မြို့နယ်အနေနဲ့လည်း ကျွန်တော်တို့ ဒီနှစ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ၈၆၁.၆၉ သန်း လမ်းတံတားများအတွက် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ကင်းတဲ-မီးလောင်တောင့်ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ ကွန်ကရစ်တံတားအတွက် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုထားခြင်းမရှိသေးပါဘူး။ သို့သော်လည်းပဲ လာမယ့်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအစီအစဉ်အလိုက် ရန်ပုံငွေတင်ပြ တောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ကျပ်နှစ်သိန်းတန်ဆိုလာမီးတွင် ပါဝင်ရမည့် ပစ္စည်းအရေအတွက်နှင့် အရည်အသွေးကို မည်သို့သတ်မှတ်ထားသနည်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော ကျပ်နှစ်သိန်းတန်ဆိုလာမီးနှင့်မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ကျပ်နှစ်သိန်းတန် ဆိုလာမီးအမျိုးအစား၊ အရည်အသွေး၊ ကွာခြားနေခြင်းမှာ အဘယ်ကြောင့်နည်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမေးရတာကတော့ ဝန်ကြီးဌာနရဲ့ကျေးလက်မီးလင်းရေး ဆောင်ရွက်မှုများအပေါ် ပြည်သူများအမြင်ရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်ပြီးတော့မှမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဦးစီးဌာနမှ တမူးမြို့နယ် နန်းခေါက်ခေါက်ကျေးရွာမှာ ပြည်ထောင်စုဘတ်ဂျက်မှ တစ်အိမ်လျှင် နှစ်သိန်း

တန်ဆိုလာ မီးအလုံး ၁၀၀ ရရှိခဲ့ပါတယ်။ သို့သော်လည်းပဲ နန်းခေါက်ခေါက်ကျေးရွာမှာ ကျွန်တော်တို့တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ဦးဆောင်မှုနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဒီဇယ်အင်ဂျင်စက်နဲ့ မီးလင်းရေးကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီ နန်းခေါက်ခေါက်ကျေးရွာအစား မြို့နယ်မှာရှိတဲ့ မြို့နယ်အထောက်အကူပြုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ညှိနှိုင်းပြီး အဆိုပါနန်းခေါက်ခေါက်ကျေးရွာအစား ပွတ်သာကျေးရွာသို့ ပြောင်းရွှေ့ပေးရန် ကျွန်တော်တို့ တင်ပြခဲ့ကြပါတယ်။ သို့သော်လည်းပဲ အကြောင်းပြန်ကြားချက်တစ်စုံတစ်ရာမျှမရရှိခဲ့ပါ။ သို့သော်လည်းပဲ ပြီးခဲ့တဲ့ နွေရာသီကာလမှာတော့ အဆိုပါပွတ်သာကျေးရွာမှာ ဆိုလာမီးအောင်မြင်တဲ့ ကုမ္ပဏီက လာရောက်တပ်ဆင်တာကို တွေ့ရပါတယ်။ အဲ့ဒီအခါမှာ လာရောက်တပ်ဆင်တဲ့ ဆိုလာမီးဟာ ကျွန်တော်တို့ဆိုလာမီးရဲ့ ဝပ်ဟာ ၃၀ ခန့်ပဲရှိမှာ ဖြစ်ပါတယ်။ Controller တစ်လုံးနဲ့ မီးသီးလေးလုံးခန့် သာပါပြီးတော့မှ အိမ်တွင်မီးထွန်းရုံသက်သက်မျှဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ကျေးရွာပြည်သူများက မူလက ကျွန်တော်တို့တင်ပြထားတဲ့အတိုင်း နန်းခေါက်ခေါက်ကျေးရွာရဲ့ ပြည်ထောင်စုဘတ်ဂျက် နှစ်သိန်းတန်ဆိုလာမီးအစား အဲ့ဒီရွာကိုပေးမယ်ဆိုရင် သူတို့ကလည်း အဲ့ဒီအတိုင်းရရှိမယ်လို့ မျှော်လင့်ခဲ့ကြတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ မှာခမ်းပါတ်မြို့နယ်ခွဲမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ပြည်ထောင်စုဘတ်ဂျက်နဲ့ နှစ်သိန်းတန်ဆိုလာမီး ဆောင်ယူပေးခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ တင်ဒါကို ဘယ်လောက်အောင်မြင်တယ်လို့မသိသော်လည်းပဲ ရွာမှာတပ်ဆင်ထားတဲ့အနေအထားကို သွားကြည့်တဲ့အခါမှာ ဝပ် ၁၀၀ ခန့်ရှိတဲ့ ဆိုလာပြား ၇၀ ဗို့အားရှိတဲ့ ဘက်ထ္ထရီအိုး၊ အင်ဗာတာ၊ မီးသီးများအပါအဝင် တီဗွီကြည့်ရှုနိုင်တဲ့အနေအထားတွေ့ရတာဖြစ်တဲ့အတွက် အဆိုပါကျေးရွာပြည်သူများဟာ များစွာဝမ်းမြောက်လျက်ရှိကြပါတယ်။ သို့သော်လည်းပဲ အခုပွတ်သာကျေးရွာမှာ တပ်ဆင်ထားခဲ့တဲ့ ဆိုလာမီးဟာ နန်းခေါက်ခေါက်ကျေးရွာအစား တပ်ဆင်ထားပေးခဲ့တဲ့ ဆိုလာမီးသာဖြစ်မယ်ဆိုရင် ဒါကိုကျွန်တော်တို့အပြင်ပန်းမေးကြည့်တဲ့အခါမှာ ၅၀၀၀၀ နဲ့ ၆၀၀၀၀ ကြားပတ်ဝန်းကျင်သာရှိတာတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများက မူလက နယ်စပ်ရေးရာဝန်ကြီးဌာနကဆောင်ရွက်ပေးတဲ့ ဆိုလာပုံစံမျိုးရရှိမည်ဟုမျှော်လင့်ခဲ့သော်လည်း ယခုကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးတဲ့ ဆိုလာမီးဟာ ကွာခြားနေကြောင်းတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီအပေါ်မှာ ပြည်သူများအမြင်ကြည်လင်စေရန်အတွက် ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ (၁) ကျေးလက်ဝန်ကြီးဌာနက တစ်အိမ်လျှင် နှစ်သိန်းတန်ဆိုလာမီးတွင် ပါဝင်ရမည့်ပစ္စည်းအရေအတွက်နဲ့ အရည်

အသေး၊ အမျိုးအစား၊ အဆင့်အတန်းကိုမည်သို့ သတ်မှတ်ထားပါသလဲ။ (၂) ယခု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ တမူးမြို့ ပွတ်သာကျေးရွာတွင် ဆောင်ရွက်နေသောဆိုလာမီးသည် နန်းခေါက်ခေါက် ကျေးရွာအစားပေးထားသော ဘတ်ဂျက်ပါ နှစ်သိန်းတန်ဆိုလာမီး အမျိုးအစားဖြစ်ပါသလား။ ဖြစ်ခဲ့မယ်ဆိုရင် နှစ်သိန်းတန်ဖြစ်နိုင်/မဖြစ်နိုင် စစ်ဆေးပေးရန်ရှိပါသလား။ (၃) နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားသော ရွာသာ ကျေးရွာရှိဆိုလာမီး နှစ်သိန်းတန်အမျိုးအစားနှင့် ယခုဝန်ကြီးဌာနမှ ပွတ်သာကျေးရွာတွင်ဆောင်ရွက် ပေးနေသော ဆိုလာမီးနှစ်သိန်းတန်အမျိုးအစားများ အရည်အချင်းကွာခြားနေသည်မှာ အဘယ် ကြောင့်နည်း။ (၄) နောင်တွင်ယခုကဲ့သို့မဖြစ်အောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာ ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ မေးခွန်းနဲ့ပတ်သက်၍ ကျွန်တော် ဒုတိယဝန်ကြီးမှ ဆက်လက်တင်ပြဆွေးနွေးတင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ မေးမြန်းတဲ့ထဲမှာ တစ်အိမ်လျှင် ငွေကျပ်နှစ်သိန်းတန် ဆိုလာမီးနှင့်ပတ်သက်ပြီးတော့ တင်ပြရရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ယခင် နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့စဉ် တစ်အိမ်လျှင် ကျပ်နှစ်သိန်းဖြင့် တမူးမြို့နယ်၊ ရွာသာကျေးရွာ၌ ဆောင်ရွက်ခဲ့ရာတွင် သတ်မှတ်စံနှုန်းဖြစ်တဲ့ ကျွန်တော်တို့ ဆိုလာပြားဟာ 80-90 W အထိ၊ ဘတ္ထရီ 12 V ဖြစ်ပြီး 65 Ah ဖြစ်ပါတယ်။ အဲ့ဒါ တစ်လုံးဖြစ်ပါတယ်။ Controller 10 A တစ်လုံးဖြစ်ပါတယ်။ အင်ဗာတာ 300 W တစ်ခုဖြစ်ပါတယ်။ ဒါသတ်မှတ်ချက်အတိုင်းဖြစ်ပါတယ်။ LED မီးလုံး 3 W နှစ်လုံးနဲ့ မီးချောင်းတစ်ချောင်း အသုံးပြု ညွှန်ကြားပြီးတော့ တင်ဒါဆောင်ရွက်ခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့

တိုက်ရိုက်တင်ဒါနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မီးလင်းရေးခွင့်ပြုရန်ပုံငွေမှရတဲ့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေ ၉၀.၈ သန်း ဖြည့်စွက်ရန်ပုံငွေနဲ့ ပေါင်းပြီးတော့ ကျွန်တော်တို့ ရန်ပုံငွေလွှဲပြောင်းပြီးတော့ တိုင်းဒေသကြီးမှတင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှလည်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တစ်အိမ်လျှင် နှစ်သိန်းနှုန်းနဲ့ပင် 92 W ဆိုလာပြားတစ်ချပ်၊ 12V ဘတ္တရီ 75 Ah တစ်လုံး၊ ကွန်ထရိုလာနှင့် အင်ဗာတာတစ်ခု 10 A/12V-24V၊ ကေဘယ်ကြိုး 5m အရှည် နှစ်ချောင်း၊ LED မီးလုံး 3W နှစ်လုံး၊ ဖုန်းအားသွင်းနိုင်တဲ့ဟာတစ်ခု၊ နောက် TV 22" Flat (LCD) ကြည့်နိုင်ဖို့နဲ့နောက်တစ်ခါ အိမ်ခြေ ၄၂၄ အိမ်အတွက် ရန်ပုံငွေခွင့်ပြုခဲ့ပါတယ်။ သို့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ တင်ဒါခေါ်ယူတဲ့အခါမှာ နိုင်ငံတော်အနေနဲ့ Quick win ရရှိရန်အတွက် ဆိုပြီးစံသတ်မှတ်ချက်အား ပြောင်းလဲပြင်ဆင်ခဲ့ပြီးတော့ Lighting တစ်မျိုးတည်းသာသုံးနိုင်တဲ့ 20W ဆိုလာပြား တစ်ချပ်၊ ဘတ္တရီ12V/12Ah တစ်လုံး၊ ကွန်ထရိုလာ 5A ကေဘယ်ကြိုးနဲ့ ကျွန်တော်တို့ LED မီးလုံး 3 W သုံးလုံးနဲ့ အပိုတစ်လုံး တစ်အိမ်လျှင်ကျသင့်ငွေ ၅၄၇၀၀ ကျပ်နှုန်းနဲ့ တင်ဒါခေါ်ယူပြီးတော့ အိမ်ခြေပေါင်း ၁၅၅၀ အိမ်အထိ မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မူလလျာထားတဲ့ ၄၂၄ အိမ် ထက်ပိုပြီးတော့ အိမ်ခြေပေါင်း ၁၁၂၆ အိမ်တိုးမြှင့်ပြီးတော့ ဆောင်ရွက်နိုင်ခဲ့ကြောင်းကို ကျွန်တော်တို့ သိရပါတယ်။

၂၀၁၃-၂၀၁၄ ဖြည့်စွက်မှာလည်းနောက်ထပ်ထပ်ပြီးတော့ သန်း ၄၇၀.၆ သန်းကို မြို့နယ်ရှစ်မြို့နယ်၊ ကျေးရွာပေါင်း၁၃ ရွာ၊ အိမ်ခြေပေါင်း၂၅၀၀ ကိုဆိုလာမီးလင်းရေးအတွက် ခွင့်ပြုရရှိတဲ့ငွေကို ကျွန်တော်တိုင်းဒေသကြီးအစီအစဉ်နဲ့ အခုလိုပဲ ကျွန်တော်တို့က လွှဲပေးလိုက်ပါတယ်။ အဲ့ဒီမှာ အရည်အသွေးအားဖြင့် သူတို့ဆောင်ရွက်တဲ့အခါမှာ 20W ဆိုလာပြားတစ်ချပ်၊ 12V ဘတ္တရီတစ်လုံး၊ ကွန်ထရိုလာတစ်ခု၊ UBS ပေါက်ပါတစ်ခုနဲ့ ကျွန်တော်တို့ Solar Pannal Cable 5M ရှည်တစ်ချောင်း စုစုပေါင်း LED မီးလုံးသုံးလုံး၊ 3W နှစ်လုံး(Mobile Lamp) အတွက်ဆောင်ရွက်ပြီးတော့ နောက်တစ်ခါ အလင်းရောင်သုံးမျိုးသုံးနိုင်တဲ့ (DC Cable)နဲ့ အဲ့ဒါပါတဲ့ Mobile Lanp နှစ်လုံး TV 21" နှင့် DVD စက်အသုံးပြုနိုင်တဲ့ Multi-Head ဒါတွေကို ကျွန်တော်တို့ခွင့်ပြုလိုက်ပါတယ်။ အဲ့ဒါကိုလည်း သူတို့ဟာသူတို့ရွေးချယ်ပြီးတော့ ကျွန်တော်တို့ အိမ်ခြေ ၆၁၁၂ အိမ်၊ တစ်အိမ်လျှင် ၇၇၀၀၀ ကျပ်ဖြင့် တင်ဒါအောင်မြင်ခဲ့ပြီးတော့ တိုင်းဒေသကြီးရဲ့အစီအစဉ်ဖြင့် အိမ်ခြေပေါင်း ၃၇၅၉ အိမ် တိုးမြှင့်ဆောင်ရွက်

နိုင်ခဲ့ပါတယ်။ ခုနက ကျွန်တော်တို့လျာထားချက်ကတော့ ဒီဖြည့်စွက်ဘတ်ဂျက်မှာ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ဘတ်ဂျက်မှာ အိမ်ခြေပေါင်း ၂၃၅၃ အိမ်ဖြစ်သော်လည်း တိုင်းဒေသကြီးအစီအစဉ်အရ သူတို့ သတ်မှတ်တဲ့စံချိန်နဲ့ပြန်ပြီးတော့ ကျွန်တော်တို့ ၇၇၀၀၀ နှုန်းနဲ့ ပြန်ပြီးတော့လုပ်လိုက်တဲ့အခါမှာ အိမ်ခြေပေါင်း ၃၇၅၉ အိမ်ပိုပြီးတော့ ဆောင်ရွက်နိုင်တာတွေ့ရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်မှမေးမြန်းတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှဆောင်ရွက်ခဲ့တဲ့ ဆိုလာမီး ကျပ်နှစ်သိန်းတန် အမျိုးအစားနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးကို ရန်ပုံငွေတိုက်ရိုက် လွှဲပြောင်းပေးလိုက်တဲ့အတွက် တိုင်းဒေသကြီးမှ လုပ်ငန်းကိုအကောင်အထည်ဖော်တဲ့အခါမှာ ကျေးရွာ များများပိုရပြီးတော့ Quick Win ရရှိဖို့ ဦးစားပေးတဲ့အတွက် အိမ်ခြေများများရရှိတာကို တွေ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် နှစ်စဉ်ဘဏ္ဍာငွေများကို သတ်မှတ်ထားတဲ့ ခန့်မှန်းခြေနဲ့အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ များကို ပြည်သူ့ဗဟိုပြုစီမံခန့်ခွဲမှုစနစ်ကျင့်သုံးပြီးတော့ ဒေသအလိုက် လိုအပ်ချက်နဲ့ လူထုရဲ့ တောင်းဆိုချက်များကို ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စံသတ်မှတ်ချက်ကို ဒီနှစ်မှာလည်း ၂၀၁၄-၂၀၁၅ မှာလည်း တစ်အိမ်ထောင်လျှင် နှစ်သိန်းနှုန်းပဲ ပြန်သတ်မှတ်ပေးတာဖြစ် ပါတယ်။ အဲ့ဒီ စံသတ်မှတ်ချက်တွေကလည်းပဲ 80 W 90 W ဆိုလာပြားတချို့၊ ဘတ္ထရီ 12V/65 Ah ၁ လုံးနဲ့၊ ကွန်ထိုလာ 10A ၁ခု၊ အင်ဗာတာ 300W ၁ ခု၊ LED မီးလုံး 3W နှစ်လုံး၊ မီးချောင်းတစ်ခု ဒါတွေဟာ သုံးနိုင်အောင်ဆိုပြီး ကျွန်တော်တို့ စံသတ်မှတ်ပြီးတော့ကျေးရွာပေါင်း ၁၇၂ ရွာအတွက် ဒီနှစ်ကျွန်တော်တို့ပေးလိုက်တဲ့ရန်ပုံငွေက စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုတည်းမှာ ကျပ်ငွေ ၃.၃ ဘီလီယံ ခွင့်ပြုထားတာဖြစ်ပါတယ်။ အဆိုပါခွင့်ပြုငွေများအပေါ်မှာ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးသွားသလို ကျွန်တော်တို့ ရုပ်သံလည်းကြည့်နိုင်အောင် လက်ကိုင် ဖုန်းတွေလည်း အားသွင်းနိုင်အောင် ဒေသခံပြည်သူများရဲ့ ဝယ်ယူသုံးနိုင်မှုအခြေအနေ ရုပ်မြင်သံကြား စက်ဖမ်းယူကြည့်ရှုနိုင်မှုအခြေအနေ၊ ဝယ်ယူနိုင်မည့်အခြေအနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ တိုင်းဒေသကြီးများကိုကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြညှိနှိုင်းပြီးတော့ ဆောင်ရွက် လို့ရှိရင်တော့ရနိုင်ကြောင်း ဒီနှစ်လည်းကျွန်တော်တို့နှစ်သိန်းပါပဲ နှစ်စဉ်သုံးနှစ် ဘဏ္ဍာရေးနှစ်သုံးနှစ် လုံးက တစ်အိမ်ထောင်လျှင် ကျွန်တော်တို့ ဆိုလာမီးနှစ်သိန်းနှုန်းနဲ့ စံသတ်မှတ်ပြီး ပေးထားတာဖြစ်ပါ တယ်။ တိုင်းဒေသကြီးအစိုးရများရဲ့ သူတို့ရဲ့အစီအစဉ်နဲ့ Quick Win ရရှိရေးနဲ့ ကျေးရွာများရဲ့ရရှိ

နိုင်မှု ကျေးရွာပြည်သူလူထုရဲ့ ဆန္ဒနဲ့ခုနက တင်ပြတဲ့ တယ်လီဖုန်းဖမ်းနိုင်မှု၊ တီဗီကြည့်ရှုနိုင်မှုအပေါ် မူတည်ပြီးတော့ သူတို့ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ကျွန်တော်တို့ ဒါစစ်ကိုင်းတိုင်း ဒေသကြီးမှာ ၃.၃ ဘီလီယံခွင့်ပြုထားပါတယ်။ အဲ့ဒါများကို မိမိဒေသရဲ့ ပြည်သူများရဲ့ လိုအပ်ချက်နဲ့အညီ ညှိနှိုင်းပြီးတော့ သက်ဆိုင်ရာကို တင်ပြဆောင်ရွက်သွားလျှင် ဖြစ်နိုင်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေရာမှာ တင်ပြလိုတာကဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ အခုဒီနှစ် ပွတ်သာကျေးရွာမှာ မီးဆင်ခဲ့ပါတယ်။ မီးဆင်တာ တစ်လတောင်မှ မပြည့်ပါဘူး။ ကျေးရွာတွေမှာဆိုလာမီးပျက်လာပါတယ်လို့ တင်ပြတဲ့အတွက် သက်ဆိုင်ရာတမူးမှာရှိတဲ့ သက်ဆိုင်ရာကျေးလက်ဦးစီးဌာနကို ပြောတဲ့အခါမှာ သူတို့ အဆင့်ဆင့်အကြောင်းကြားပြီးတော့မှ တစ်ခါပြန်ပြီးတော့မှ အထက်ရဲ့ခွင့်ပြုချက်အရ ပြန်ပြင်ရပါတယ်။ ဆိုလိုတာကတော့ နိုင်ငံတော်အစိုးရက ခုနက ဝန်ကြီးဌာနက ပြည်သူတွေ TV ကြည့်နိုင်လောက်တဲ့အဆင့်ကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့ ဒီနှစ်သိန်းတန်လောက် မဆောင်ရွက်ပေးနိုင်ရင်တောင်မှ ဒါကျွန်တော်တို့ အောက်ခြေမှာ ပြောကြတာဆိုရင် တစ်သိန်းတန် အဆင့် အတန်းလောက်ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် အခုပေါ်တဲ့ TV လေးတွေကြည့်လို့ရတယ် ဆိုတဲ့အဆင့်ရှိပါတယ်။ အခုတော့ အဲဒီကျေးရွာမှာ အိမ်ခြေများများ မီးလင်းနိုင်ရေးကို အလေးထားတာတော့ကောင်းပါတယ်။ သို့သော်လည်းပဲ အဲဒီ မီးလင်းရေးလုပ်တဲ့လုပ်ငန်းဟာ ကြာရှည်မခံဘူးဆိုရင် ကျွန်တော်တို့ပြည်သူတွေက လုပ်တော့လုပ်ပေးတယ်။ သို့သော်လည်းပဲ ကြာရှည်မခံတဲ့အခါမှာ အပြောခံရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပွတ်သာကျေးရွာမှာဆိုရင် ကျွန်တော်တို့ မလာခင်လေးမှာ အိမ်ခြေအလုံး ၂၀ လောက် တစ်လအတောအတွင်းမှာ ပြင်ခဲ့ရတာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီပစ္စည်းတွေ တကယ့်အရည်အသွေး၊ တကယ့်အတိုင်းအတာ၊ စံချိန်စံညွှန်းကိုက်/မကိုက်ဆိုတာလေး ကတော့ စစ်ဆေးသင့်တယ်လို့ ယူဆပါတယ်။ ဖြစ်နိုင်ရင်ကတော့ အခုဝန်ကြီးဌာနက တင်ပြပြီးပေးခဲ့တဲ့ သူတို့ရဲ့စံနှုန်းအတိုင်း ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ရတဲ့ပြည်သူများအပိုင်းကတော့ ရသလောက် အထိအကျိုးရှိမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးဆွေးနွေးတဲ့အတိုင်း ယခုနှစ် ဘတ်ဂျက်တော့ သက်ဆိုင်ရာ

တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ နှစ်သိန်းတန်မဟုတ်လည်း တစ်သိန်းတန် TV ကြည့်နိုင်တဲ့အဆင့်အထိ အမိကကတော့ ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူလူထုကို သိအောင်ချပြပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တာရှိပါတယ်။ သူတို့သိရှိအောင် ကျွန်တော်တို့လည်း ဒါလေးကို ဆက်စပ်ပြီးတော့ ကျွန်တော်တို့အနေနဲ့လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ Delivery ဥက္ကဋ္ဌနဲ့လည်း ကျွန်တော်တို့သွားဖို့လည်းရှိပါတယ်။ အဲဒီကျရင် ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ဒီနှစ်ဘတ်ဂျက်ကို မီအောင် ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပိုရှင်းအောင်နည်းနည်းလေးပြောပြပေးပါ။ အခု နိုင်ငံတော်က ချမှတ်ပေးလိုက်တဲ့ ဘတ်ဂျက်တွေကို တိုင်းဒေသကြီးကို လွှဲပေးတယ်။ တိုင်းဒေသကြီးကမှ ဒီမီးတွေဆင်ပေးတယ်။ အဲဒါမှန်ပါသလား။

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေးလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**။ ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒီကိစ္စသည် ပြီးခဲ့တဲ့ နှစ်ကာလတုန်းကတော့ ဝန်ကြီးဌာနက တိုက်ရိုက်လုပ်ပေးတယ်။ အဲဒီဟာကို ဦးခင်မောင်ရွှေတို့က ဒေသမှာအမြင်က အရင်လုပ်တာက ပိုပြီးတော့ ကောင်းတာလား။ အခုလုပ်တာက ပိုကောင်းတာလား။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ အရင်လုပ်တာက ပိုကောင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ အရင်လုပ်ထားတာကကောင်းတယ်။ အခု လုပ်ထားတာက မကောင်းဘူးလို့ပြောတယ်။ ဒါကြောင့်မို့လို့ ဒါကိုပြန်လည်သုံးသပ်ပြီးတဲ့အခါမှာ ဒီတာဝန်ကို ဝန်ကြီးဌာနက တာဝန်ယူရမှာလား။ သို့မဟုတ်လို့ရှိရင် တိုင်းဒေသကြီးက တာဝန်ယူရမှာလား။ ဒီလို ကွဲကွဲပြားပြားသိအောင်လုပ်ပြီးတော့ ပို၍ကောင်းတဲ့ စနစ်ဖြစ်အောင် ဆက်လက်ဆောင်ရွက်ပေးဖို့လိုပါမယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းပိုင်းနဲ့ ပတ်သက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ရမှာကတော့ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကြားမှာ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူများအတွက် ပေးလိုက်တဲ့ ငွေတွေကိုတော့ စနစ်တကျ မှန်မှန်ကန်ကန်အသုံးပြုဖို့နဲ့ အသုံးပြုလိုက်တဲ့ ပစ္စည်းများဟာလည်း အရည်အချင်းပြည့်မီတဲ့ ပစ္စည်းများဖြစ်ဖို့လိုပါတယ်။ ဒါကို ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ရှင်းနိုင်မယ်ဆိုရင်တော့ ရှင်းပြီပေါ့။ မရှင်းနိုင်ဘူးဆိုလို့ရှိရင်လည်း အလိုလိုဆက်ပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စများလည်း ပေါ်ပေါက်လာနိုင်မယ့် အနေအထား

ဖြစ်ပါတယ်။ ဘာကြောင့်လဲ။ ပြည်သူနဲ့တိုက်ရိုက်ထိတွေ့ဆောင်ရွက်တဲ့ကိစ္စမှာ ဒီနေ့ပြောပြောနေတဲ့ ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အခြေပြုဆိုတဲ့နေရာမှာ ပြည်သူကိုတကယ်အခြေပြုတယ်ဆိုရင် ပြည်သူ့ရဲ့ လိုအပ်ချက်ကို အမှန်အတိုင်း ပေးထားတဲ့ငွေအတိုင်း အရည်အသွေးပြည့်မီတာတွေ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါကြောင့် ရပါပြီ။ မေးခွန်းမေးတာလည်း ကောင်းပါတယ်။ ပြန်ဖြေတာလည်းကောင်းပါ တယ်။ အရေးကြီးတာကတော့ ပြည်သူ့ငွေတွေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းလုပ်တဲ့နေရာမှာ မှန်မှန် ကန်ကန် စနစ်တကျ အရည်အချင်းပြည့်မီတာတွေကို ဆောင်ရွက်ပေးဖို့ပဲဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တုတွင်း ဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမ အကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သော ၃-၆-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၉-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါ တယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရန်မှာ ပြင်ဆင်ချက်မရှိပါက မူလ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးတို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က လိုအပ်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ) အရ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၂၁ ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၁၃-၆-၂၀၁၄ ရက်နေ့မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး

လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက် ၂၁ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များထံ ကန့်လန့်ဖြတ်ဇယားဖြန့်ဝေထားပြီးဖြစ်ပါတယ်။ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေခေါင်းစီး၊ အမှတ်စဉ် ၂ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၃ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၄ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ စာမျက်နှာ ၂ အမှတ်စဉ် ၅ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)၊ အမှတ်စဉ် ၆ အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(ထ)၊ အမှတ်စဉ် ၈ အပိုဒ် ၅ အပိုဒ်ခွဲ(ဃ)၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၁ အပိုဒ် ၆၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၃ အပိုဒ် ၈ ၏ ပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)၊ အမှတ်စဉ် ၁၅ အပိုဒ် ၈ ၏ ပုဒ်မ ၂၇ အမှတ်စဉ် ၁၆ အပိုဒ် ၉၊ အမှတ်စဉ် ၁၇ အပိုဒ် ၁၀၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၈ အပိုဒ် ၁၁၊ အမှတ်စဉ် ၁၉ အပိုဒ် ၁၂၊ အမှတ်စဉ် ၂၀ အပိုဒ် ၁၃၊ အမှတ်စဉ် ၂၁ အပိုဒ် ၁၄၊ အမှတ်စဉ် ၂၂ အပိုဒ် ၁၅၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၃ အပိုဒ် ၁၇၊ အမှတ်စဉ် ၂၄ အပိုဒ် ၁၈၊ အမှတ်စဉ် ၂၅ အပိုဒ် ၁၉၊ အမှတ်စဉ် ၂၆ အပိုဒ် ၂၀ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၂၁ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုမှုနှင့်ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးရဲ့သဘောထားပြောပါ။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကိုသဘောတူကြောင်းတင်ပြပါတယ်။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၂၁ ချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကန့်လန့်ဖြတ်ဇယားနဲ့ပဲ ဆက်လက်ဆောင်ရွက်ပါမယ်။ စာမျက်နှာ ၂ အမှတ်စဉ် ၇ ဦးမောင်တိုး တင်ပြဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့ပုလဲဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ကျွန်တော် ပြင်ထားတဲ့အချက် ၄ ချက်ရှိပါတယ်။ ဒီအချက်များကိုလည်းပဲ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားတဲ့စာရင်းမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒေါင်လိုက်စာရင်းမှာရော၊ ကန့်လန့်ဖြတ်စာရင်းမှာပါဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးလို့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအပိုဒ် ၆ မှာ ကျွန်တော်ရဲ့ပြင်ဆင်ချက် အခန်း(၄) ခေါင်းစဉ် မူလပုဒ်မ ၈ ပုဒ်မခွဲ(ဂ)နဲ့ပတ်သက်ပြီးတော့ ဒီတစ်ချက်ကိုပြင်ဆင်ဖို့၊ ညှိဖို့ ပြည်ထောင်စုလွှတ်တော်ကို အဆုံးအဖြတ်တင်မယ်လို့ ရေးထားပါတယ်။ ဒါကတော့ မနေ့ကအထိ ရေးထားတာပါ။ ဒီမနက်မှာ ကျွန်တော်နဲ့ ဥပဒေကြမ်းကော်မတီဝင်များနဲ့ရော၊ ဝန်ကြီးနဲ့ရော အားလုံးညှိနှိုင်းပြီးတဲ့အခါမှာ ဒီအချက်ကိုလည်းပဲ ကျွန်တော်ပြင်ဆင်ဖို့ တင်ပြတဲ့အတိုင်းကိုပဲ ဥပဒေကြမ်းကော်မတီက သဘောတူတာဖြစ်တဲ့အတွက် ဒီဇယားမှာဖော်ပြတဲ့အတိုင်းပဲ အားလုံး ဝန်ကြီးဌာနနဲ့ရော၊ ဥပဒေကြမ်းနဲ့ရော ကျွန်တော်ရဲ့ ပြင်ဆင်ချက်တွေအားလုံးကို သဘောတူကြောင်း၊ ညှိနှိုင်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သီးခြားတင်ပြစရာမရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကျွန်တော်တို့က အပိုဒ်လိုက်ပဲသွားပါမယ်။ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ရဲ့ အမှတ်စဉ် ၇ မူလအပိုဒ် ၅ အားပြင်ဆင်သည့် အပိုဒ်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက် သဘောတူပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြန်လည်ပြင်ဆင်ရေးသားထားပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီမှသဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက် အမှတ်စဉ် ၇ အား ဥပဒေကြမ်းကော်မတီနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက သဘောတူပါတယ်။ ဒီသဘောတူညီမှုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အမှတ်စဉ် ၇ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ နှင့်ပတ်သက်ပြီး ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ခုနက ပုဒ်မ ၅ ပုဒ်မခွဲ(က)နှင့်(ခ)ကို လွှတ်တော်ကအတည်ပြုပြီးတဲ့အတွက် အဲဒီပုဒ်မ ၅ (က)နှင့် (ခ)နှင့်အညီ ပြန်လည်ရေးသားထားခြင်း ဖြစ်တဲ့ ဦးမောင်တိုးရဲ့ တင်ပြချက်ကို ဥပဒေကြမ်းကော်မတီက လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနှင့် ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက် အမှတ်စဉ် ၉ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက် သဘောတူပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီမှ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက သဘောတူပါသလား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနှင့် ဥပဒေကြမ်းကော်မတီကလည်း သဘောတူပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အပိုဒ် ၁၀ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၁၂ ဖြစ်ပါတယ်။ ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက်အား ဥပဒေကြမ်းကော်မတီမှ သဘောတူပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၂ အပိုဒ် ၈ ရဲ့ ပုဒ်မ ၂၅ ဦးမောင်တိုးရဲ့ ပြင်ဆင်ချက်အား ဥပဒေကြမ်းကော်မတီမှ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးမှ သဘောတူပါသလား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးကလည်း သဘောတူပါတယ်။ လွှတ်တော်က ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အမှတ်စဉ် ၁၂ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၁၄ ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက်အား ဥပဒေကြမ်းကော်မတီက သဘောတူပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၁၄ ပုဒ်မ ၂၆ နဲ့ပတ်သက်ပြီး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးရဲ့ ပြင်ဆင်ချက်အား ဥပဒေကြမ်းကော်မတီမှသဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးမှ ဦးမောင်တိုးရဲ့ ပြင်ဆင်ချက်အား သဘောတူပါသလား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးနဲ့ ဥပဒေကြမ်းကော်မတီတို့က ဦးမောင်တိုးရဲ့ ပြင်ဆင်အဆိုပြုချက်သဘောတူကြောင်း တင်ပြပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် မင်းလှ

မဲဆန္ဒနယ်မှ ဦးမောင်တိုးတို့က ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် သတ္တုတွင်းဝန်ကြီးဌာနက တင်သွင်းသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၁၁း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မနက်ဖြန် ၁၀ နာရီမှာ ပြည်ထောင်စုလွှတ်တော်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်အပြီး ၁၁း၀၀ နာရီမှန်းပြီးတော့ ချိန်းထားခြင်း ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**